ကံကုန်းကျေးရွာအုပ်စု၊ကံကုန်းကျေးရွာ

မအူပင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်း(၂၀၂၄-၂၀၂၅)



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ကံကုန်းကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာ ၊ မအူပင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကံကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ ၊မအူပင်မြို့	
၁	တည်နေရာ နှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီပွားရေးနှင့်အသက်မွေးမှု အခြေအနေ (က)သီးနှံစိုက်ပျိုးရေး (ခ)မွေးမြူရေးလုပ်ငန်း (ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ (ဃ)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ (က)ကျေးလက်သယ်ယူပို့ဆောင်ရေး (ခ)ကျေးရွာမီးလင်းရေး (ဂ)သတင်း နှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေ	
၈	ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) ဝမ်းစာဖူလုံမှုဇယား	
	နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ ကံကုန်းကျေးရွာ ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံး သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့် အချက် အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်

များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မအူပင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၄ ခုနှစ်


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံကုန်းကျေးရွာ ၊ မအူပင်မြို့နယ်

မအူပင်မြို့နယ်၊ ကံကုန်းကျေးရွာအုပ်စု၊ကံကုန်းကျေးရွာ၏ သယံဇာတပြမြေပုံ




မအူပင်မြို့နယ်၊ ကံကုန်းကျေးရွာအုပ်စု၊ကံကုန်းကျေးရွာ၏ ရာသီခွင်ပြပုံ



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၊ ကံကုန်းကျေးရွာ

Venn Diagram



အခန်း(၁)

တည်နေရာ နှင့် ပထဝီဝင် အနေအထား

ကျေးရွာသည် ချောင်းဘေးဝဲယာတည်ရှိပြီး အရှေ့ဘက်တွင် တိုးမြစ်ရှိပါသည်။ အုပ်ချုပ်ရေး စိုက်ရာ ခရိုင်မြို့တော် မအူပင်မြို့နှင့် ဆက်သွယ်သွားလာ ရလွယ် ကူပါသည်။

ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ကံကုန်း ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ဒေသတစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ(၁၁.၄၆") မှ (၂၁.၅၄")ဝန်းကျင်ရှိပါသည်။ မအူပင်မြို့နယ် နှင့် မိုင် (၁၀)မိုင်ကွာဝေးပါသည်။

အခန်း(၂)

ရာသီဥတု နှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာတွင် သီးနှံများစိုက်ပျိုးရာ၌ ရာသီဥတုမမှန်ခြင်း ၊ ရိတ်သိမ်းချိန်တွင် မိုးများခြင်း တို့ကြောင့် အထွက်နှုန်းများလျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်သော ကျေးရွာလည်းဖြစ် ပါသည်။ ရေလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါ သည်။

အခန်း(၃)

ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အဖွဲ့အစည်း(၄)ဖွဲ့ရှိပြီး အချင်းချင်းချိတ်ဆက်မှု အားနည်းကြောင်း တွေ့ရ ပါသည်။ ကျေးရွာအနေဖြင့် အစည်းအဝေးများကျင်းပသော်လည်းမှတ်တမ်းများ မထားဘဲ နုတ်ကတိ ဖြင့်သာ ဆောင်ရွက်တက်ခြင်းရှိပါသည်။ ကံကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း ၊ မွေးမြူရေး လုပ်ငန်း၊ ရောင်းဝယ်ရေး နှင့် အခြားအသက်မွေးကြောင်း လုပ်ကိုင် သူများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးသော ပြင်ပအဖွဲ့အစည်း (၂)စု ရှိပါ ကြောင်း တွေ့ရပါသည်။

အခန်း(၄)

စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကံကုန်းကျေးရွာရှိ လယ်မြေများသည် မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပြီး ဆန်စပါးကိုအများဆုံးစိုက်ပျိုးကြပါသည်။ အထွက်နှုန်းများမှာလည်း အသင့်အတင့်ရှိပြီး အခြား

လုပ်ငန်းများမရှိပါ။ မြေယာမဲ့အိမ်ထောင်စုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ် ပေးနိုင်ပါရန်လိုအပ်ပါကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် ချောင်းရေကိုသာ အဓိကထား အသုံး ပြုပါသည်။ ချောင်းရေသည် နွေကာလတွင် ရေခမ်းသဖြင့် နွေစပါး နှင့် အခြားသီးနှံများစိုက်ပျိုးရန် ခက်ခဲပါသည်။ကျေးရွာတွင် စိုက်၈က(၃၈၇)၈ကရှိပြီး နွေစပါး၊ မိုးစပါး အလည့််ကျ စိုက်ပျိုးနေကြ ကြောင်း တွေ့ရှိရပါသည်။ နွေစပါး နှင့် မတ်ပဲသည့် ပိုးမွှားဖျက်ဆီးမှု နှင့် တောင်သူ အနည်းစုတွင်ရေ နှင့် မြေဆီဩဇာအခက်အခဲရှိမှုတို့ကြောင့် အရှုံးနှင့်ရင်ဆိုင်နေရပါသည်။ စိုက်ပျိုး ရေး လုပ်ငန်းများ အကောင်းဆုံးလုပ်ဆောင်နိုင်ရန် နည်းပညာနှင့်အကူအညီလိုအပ်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ တွင် လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပြီး ကျန်အိမ်ထောင်စုမှာ ငှားရမ်းသုံးစွဲကြရပါသည်။ လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစုများကို မအူပင်မြို့ သို့ သွားရောက် ဝယ်ယူရပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စက်ကိရိယာများ အသုံးပြုခြင်းကြောင့် ကျွဲ ၊ နွား မွေးမြူခြင်း နည်းပါး ပါသည်။ ကြက် နှင့် ဘဲသာ အများဆုံးမွေးမြူကြပါသည်။ ငါးဖမ်းလုပ်ကိုင်သူများသည် ချောင်း ၊ မြောင်းနှင့် အင်းအိုင်များတွင် အခကြေးပေး၍ လုပ်ကိုင်ကြရပါသည်။ ကျေးရွာတွင် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေနေရာ အဆင်ပြေသောကြောင့် သားငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်နိုင်သည့် အခွင့်အလမ်းရှိသော်လည်း အရင်းအနှီးများ နှင့် နည်းပညာအထောက် အကူ များစွာ လိုအပ်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်စားကျက်မြေရှားပါး၍ စီးပွားဖြစ် မွေးမြူ ရေး လုပ်ငန်းလုပ်ကိုင်သူ မရှိပါ။ ကြက်၊ ဝက်၊ ဘဲများ တနိုင်တပိုင်မွေးမြူကြပြီး ငါး၊ ပုဇွန်မွေးမြူသူ မရှိပါ။ မြစ်၊ ချောင်းများတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းအပြင် လယ်လုပ်သား၊ ငါးဖမ်းလုပ်သားများ နှင့် အထွေထွေလုပ်သားများ လုပ်ကိုင်သူများလည်းရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ အများအပြားရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။အလုပ်အကိုင် အခွင့်အလမ်း နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဃ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆိုင်ရာဝန်ဆောင်မှု

မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင်(၁၅၀၀၀၀) ကျပ်နှုန်းထုတ်ချေးပါသည်။ အများဆုံးထုတ်ချေးသည့် ဧကမှာ လယ်သမား (၁)ဦး လျှင်(၁၀)ဧကဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ်ပါသည်။ မိတ်ဆွေများထံမှ ထုတ်ချေး လျှင်(၅)ကျပ်မှ(၁၀)ကျပ်အထိအတိုးနှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိ ရပါသည်။ အများပြည်သူ များစီးပွားရေးအဆင်ပြေစေရန် ကာလရှည်ချေးငွေနှင့် အတိုးနှုန်း သက်သာမှုရရှိစေရန် ထုတ်ချေး ပေးသော အဖွဲ့အစည်းများလိုအပ်ကြောင်း တွေ့ရှိရပါသည်။

အခန်း(၅)

အခြေခံ အဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် တံတားမရှိပါ။ သယ်ယူပို့ဆောင်ရေးအနေဖြင့် ချောင်းငယ်များ၌ လှေ၊သမ္ဘာန် များဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းတွေ့ရှိရပါသည်။မိုးရာသီတွင် လှေ၊စက်လှေ အသုံးပြုပြေးဆွဲပြီး ပွင့်လင်းရာသီတွင် ကုန်းလမ်းကိုသာ အသုံးပြုပါသည်။ မအူပင် မြို့ပေါ်သို့ သွားလာရာတွင် မိုးရာသီ၌ လှေ၊ စက်လှေ မှတဆင့် ဆိုင်ကယ်ဖြင့် သွားလာကြရ ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ဆိုလာစနစ်ကိုသာ အသုံးပြုကြပြီး ကျန်အိမ်ထောင် စု အနည်းငယ်မှာ ဘတ္ထရီအိုးများကို အခြားကျေးရွာသို့ သွားရောက် ပြီး အခကြေးငွေဖြင့် အားသွင်း နေရပါကြောင်း တွေ့ရပါသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဖုန်းလိုင်းအားလုံးဖြင့် အလွယ်တကူအသုံးပြုနိုင်ပါသည်။ သတင်းအချက် အလက်များကိုလည်း အင်တာနက်မှ ရှာဖွေလေ့လာနိုင်ပါသည်။

အခန်း(၆)

ပညာရေး

ကျေးရွာတွင် စာမတက်သူဦးရေ (၂)ဦးရှိကြောင်း တွေ့ရပါသည်။ ပညာတက်မြောက်မှုနှုန်းမှာ အသင့်အတင့်မျှသာ ကောင်းမွန်စွာတက်မြောက်ကြောင်း တွေ့ရရှိပါသည်။ ဘုန်းကြီးကျောင်း ပညာရေးစနစ်မရှိကြောင်း တွေ့ရပါသည်။ မူလတန်းပညာရေး ပြီးဆုံးသူဦးရေအများဆုံး တွေ့ရ ပါသည်။နို့စို့အရွယ် (၃)ဦးနှင့်(၂)နှစ်အောက်ကလေးငယ် (၅)ဦးရှိပါကြောင်း သိရှိရပါသည်။ မူလတန်း အဆင့်ပညာသင်ကြားသူများသော်လည်း အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ကြား သူနည်းပါးကြောင်း တွေ့ရပါသည်။ကျေးရွာတွင်မူလတန်းစာသင်ကျောင်းရှိပါသည်။ စာသင် ကျောင်း ဆောင်အနေဖြင့် သွပ်မိုး၊ ကြမ်းခင်းဖြင့် ဆောက်လုပ်ထားပါသည်။ ကျောင်းသုံး ပရိဘောဂများ လုံလောက်မှုရှိပါသည်။ အလယ်တန်း နှင့် အထက်တန်းကို ကျေးရွာ နှင့် (၄)မိုင်ခန့်ဝေးသည့် ညောင်ပင်ဂရက်ကျေးရွာသို့ တက်ရောက် နေသည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် ကျောင်းဆရာ /ဆရာမ ၊ကျောင်းသုံး ပရိဘောဂများ နှင့် ကျောင်းသား/သူအင်အားမှာ မျှတမှုရှိပါသည်။ ကျောင်းသုံး စာအုပ် နှင့် စာရေးကိရိယာများမှာ လုံလောက်မှုရှိပါသည် ။

အခန်း(၇)

ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားသောရောဂါမှလွဲ၍ ကျန်ရောဂါများဖြစ်ပွားမှုနည်းကြောင်း တွေ့ရပါသည်။အခြားကူးစက်ရောဂါများနှင့် ရောဂါကြီးများဖြစ်ပေါ်မှုမရှိသလောက်နည်းပါးကြောင်း တွေ့ရပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ပိုလီယိုကာကွယ် ဆေးထိုးခြင်း၊မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း) နှင့် ဝက်သက်ရောဂါကာကွယ်ဆေးများကို တာဝန်ကျ ကျန်းမာရေးဌာန ဆရာ/ ဆရာမများမှ ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။ အာဟာရမှတ်တမ်းယူမှု နှင့် ပညာပေး အစီအစဉ် များမရှိပါကြောင်း တွေ့ရှိရပါသည်။ကျေးရွာအနီးတွင် ကျန်းမာရေးဆေးပေးခန်း ရှိသော်လည်း ဆရာဝန်မရှိပါကြောင်း တွေ့ရပါသည်။ အရေပေါ်များဖြစ်ပေါ်လာပါက (၈)မိုင်ခန့် ကွာဝေးသော မအူပင်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသနေရပါသည်။ အိမ်ထောင်စုများသည် သောက်ရေကို ကျေးရွာအနီးရှိ မြေသားရေကန်ကိုသာ အဓိကထား သောက်သုံးနေရပြီး ချောင်းရေ ကို ချိုးရေအဖြစ် အသုံးပြုနေကြပါကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် ယင်လုံအိမ်သာ အများစု သုံးစွဲကြောင်း တွေ့ရှိရပါသည်။

အခန်း(၈)

ဘေးအန္တရာယ်များ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်သဘာဝသယံဇာတများမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစေ့များကို အလွယ်တကူ တွေ့ရှိရပြီး အပင်မျိုးစိတ်များအတင့်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ စားကျက်မြေများ မရှိသော်လည်း ကျွဲ၊နွားများအတွက် အစာကို လယ်ဘေးမြက်ခင်းများမှ အလွယ်တကူဖူလုံစွာ ရရှိနိုင်ပါသည်။ ဆေးဘက်ဝင်အပင်များအနေဖြင့် ဒေသအတွင်း သာမာန်တွေ့ရများသော အပင်များသာ ရှိကြပါသည်။ကျေးရွာအတွင်း မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ၊ မိသားစု / ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ ။ အခြားဒေသတွင် ကြာမြင့် စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမရှိပါကြောင်း နှင့် အလုပ်ကိုင် ရှားပါးခြိန်တွင် နီးစပ်ရာဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ် တွေ့ရှိရပါသည်။ကျေးရွာသည် သဘာဝဘေးဖြစ်ပေါ်မှုနည်းပါး၍ စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုအနည်းငယ် မှ ဝမ်းစာဖူလုံမှု လုံလောက်မှု ရှိသော်လည်း ဆင်းရဲသည့် အိမ်ထောင်စု (၅)မှ ဝမ်းစာဖူလုံမှု လုံလောက်မှုမရှိပါကြောင်း တွေ့ရှိရပါသည်။ သဘာဝဘေး အန္တရာယ်ကျရောက်ပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအားနည်းကြောင်း တွေ့ရှိရပါသည် ။ မျိုးစေ့မျိုးကောင်းများရရှိရန်ခက်ခဲခြင်း ၊ ပိုးမွှားအန္တရာယ်ကောင်းစွာ မထိန်းချုပ် နိုင် ခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေး အောင်မြင်မှုနည်းပါးကြောင်း တွေ့ရပါသည်။ ဖျတ်ပိုးကာကွယ် ရန် နှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းရန် စိုက်ပျိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ရန် လိုအပ်သည် ကို တွေ့ရပါသည်။

အခန်း(၉)

ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏လူဦးရေမှာ(၁)နှစ်အောက်ကလေး အနည်းငယ်သာရှိပြီး အလုပ်လုပ်နိုင်သော လူဦးရေ မှာ ရွာလူဦးရေ၏ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမား ဦးရေများပြား သော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါကြောင်း လေ့လာတွေ့ရှိရပါသည်။ အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား/အမျိုးသမီး အနည်းငယ်ကွာဟမှုရှိပါသည်။ လုပ်ငန်းများ အနေဖြင့် လုပ်အားခတိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက်လုပ်အားခ ရရှိကြ ပါသည်။ ပညာတက်မြောက်မှုနှုန်းမှာ အသင့်အတင့်မျှသာ ကောင်းမွန်စွာတက်မြောက်ကြောင်း တွေ့ရှိရပါသည်။နို့စို့အရွယ် (၃)ဦး နှင့် (၂)နှစ်အောက်ကလေးငယ် (၅)ဦး ရှိပါကြောင်း သိရှိရပါသည်။

စီးပွားရေးအနေနှင့် အသိပညာဗဟုသုတနည်းပါးကြောင်း တွေ့ရပါသည်။ကျေးရွာတွင် မူလတန်းအဆင့်ပညာသင်ကြားသူများသော်လည်း အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာသင်ကြားသူနည်းပါးကြောင်း တွေ့ရပါသည်။ ကျေးရွာစီမံခန့်ခွဲရေးစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြပါသည်။ အမျိုးသမီးများအား အကြမ်းဖတ်မှုများ မရှိသလောက်နည်းပါးပြီး အမျိုးသမီးရေးရာအကြမ်းဖတ်မှုများတွင် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများ အတွက် လူထုနေ အသိအမြင် အားနည်းကြောင်း လေ့လာတွေ့ရှိပါသည်။

အခန်း(၁၀)

မအူပင်မြို့နယ်၊ ကံကုန်းကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း

စဉ်	အဆိုပြုစီမံချက်အမည်	ပေးမှတ် (၁) မှ (၁၀၀)	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁၀၀	၁
၂	ကျေးရွာတွင်းကျန်လမ်းပိုင်း	၉၅	၂
၃	ကွန်ကရစ်တံတား	၈၀	၃
၄	မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၈၀	၄

မအူပင်မြို့နယ်၊ ကံကုန်းကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာ
အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ သတ်မှတ်ခြင်း

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁	✔				
၂	ကျေးရွာတွင်းကျန်လမ်းပိုင်း	၂	✔				
၃	ကွန်ကရစ်တံတား	၃			✔		
၄	မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၄				✔	

မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကံကုန်းကျေးရွာအုပ်စု၊ကံကုန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကော်မတီစာရင်း

စဉ်	အမည်	အဖအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်ဝင်းမိုး	ဦးအောင်ထွန်း	၁၄/မအပ(နိုင်)၁၄၈၇၆၈	၄၉	ဥက္ကဋ္ဌ	၀၉-၄၂၂၄၈၀၂၄၃
၂	ဦးအောင်အောင်	ဦးလှမြင့်	၁၄/မအပ(နိုင်)၂၁၁၃၂၇	၃၆	အတွင်းရေးမှူး	၀၉-၇၅၁၇၄၃၀၆၀
၃	ဦးကျော်စိုးလှိုင်	ဦးအုန်းသင်	၁၄/မအပ(နိုင်)၁၈၁၂၁၆	၄၈	ဘဏ္ဍာရေးမှူး	၀၉-၆၉၇၁၉၄၂၂၉
၄	ဒေါ်သင်းသင်းနိုင်	ဦးစိုးလွင်	၁၄/မအပ(နိုင်)၂၆၈၈၆၃	၃၀	စာရင်းကိုင်	၀၉-၆၉၁၁၅၁၂၂၉
၅	ဦးစိုးလွင်	ဦးစံချီ	၁၄/မအပ(နိုင်)၀၃၄၃၈၁	၆၁	အဖွဲ့ဝင်	၀၉-၆၉၁၁၅၁၂၂၉
၆	ဦးရန်အောင်	ဦးစိုးလွင်	၁၄/မအပ(နိုင်)၃၁၃၅၂၆	၂၇	အဖွဲ့ဝင်	
၇	ဦးအေးမင်းစိုး	ဦးအောင်ထွန်း	၁၄/မအပ(နိုင်)၁၆၇၀၉၅	၄၈	အဖွဲ့ဝင်	၀၉-၆၅၇၀၅၂၄၅၅
၈	ဒေါ်အင်ကြင်းခိုင်	ဦးဌေးအောင်	၁၄/မအပ(နိုင်)၃၄၆၀၉၁	၂၃	အဖွဲ့ဝင်	၀၉-၆၆၅၉၃၉၃၁၉
၉	ဒေါ်ဝေဝေမွန်	ဦးမောင်ကြည်	၁၄/မအပ(နိုင်)၃၆၆၇၅၆	၂၅	အဖွဲ့ဝင်	၀၉-၆၈၁၇၉၈၈၁၇

နောက်ဆက်တွဲ (၃)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၃	၂	၅	၁	၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၈	၁၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၉	၁၄	၃၃		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၁	၂၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၂	၂၀၆	၄၀၇		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၆	၃၆	၅၂		
စုစုပေါင်း		**၂၆၆**	**၂၇၇**	**၅၄၃**		
စုစုပေါင်း အိမ်ထောင်စု		**၁၆၁**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက်(၁၀)နှစ် မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည် မှ အသက် (၁၅) နှစ်မပြည့်မီအရွယ် ၊၁၅နှစ်မှ ၆၄နှစ် ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည် မှအသက် (၆၅) နှစ် မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည် မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာ၏လူဦးရေမှာ(၁)နှစ်အောက်ကလေး အနည်းငယ်သာရှိ ပြီး အလုပ်လုပ်နိုင်သောလူဦးရေမှာ ရွာလူဦးရေ၏ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၈၀	၂၂၅		၁၃၀	၉၅	၁၂၀	မြင့်☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၂	၈၅		၅၃	၃၂		မြင့်☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၀	၆၃	၅	၂၀	၄၃	၂၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၄					၄	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၁၅၆	၃၇၃	၅	၂၀၃	၁၇၀	၁၄၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာတွင် စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများ ဖြစ်ကြသည့် ကျပန်း/ ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ပြောင်းရွှေ့လုပ်ကိုင်ကြသူများသည် ပြည်တွင်းခွဲသာ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၁၀၀၀၀	၇၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၁၀၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လုပ်အားခအများဆုံးရှိသော အရေအတွက်နည်းပါးပါသည်။အလုပ်သမားလုပ်အားခများအနေဖြင့် အမျိုးသား/အမျိုးသမီး အနည်းငယ်ကွာဟ မှုရှိပါသည်။ လုပ်ငန်းများအနေဖြင့် လုပ်အားခတိကျ သတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃၈၇	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၂	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဇရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၃၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ် ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီး သန့် လျာ ထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာရှိ လယ်မြေများသည် မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပြီး ဆန်စပါးကို အများဆုံးစိုက်ပျိုးကြပါသည်။ အထွက်နှုန်းများမှာလည်း အသင့်အတင့်ရှိပြီး အခြားလုပ်ငန်းများမရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ် စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☑ သင့်☐ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ	များ ☑ သင့်☐ နည်း	လွယ် ☑ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ** (မှန်ရာတစ်ခုကိုသာရွေးရန်)
(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	☐ မရှိ ☐	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -

ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝသယံဇာတများမရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစေ့များကိုအလွယ်တကူတွေ့ရှိရပြီး အပင်မျိုးစိတ်များအတင့်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။စားကျက်မြေများ မရှိသော်လည်း ကျွဲ၊နွားများအတွက် အစာကို လယ်ဘေး မြက်ခင်းများမှ အလွယ်တကူ ဖူလုံစွာရရှိနိုင်ပါသည်။ဆေးဘက်ဝင်အပင်များအနေဖြင့် ဒေသအတွင်း သာမာန်တွေ့ရများသော အပင်များသာ ရှိကြပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့်ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့်	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇၅	၅၆	၂၅	၅

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာတွင် ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု(၇၅)စု၊ အလယ်အလတ်အိမ်ထောင်စု(၅၆)စု၊ ဆင်းရဲသောအိမ်ထောင်စု(၂၅)စု၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၅)စုရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာ၌ ဆင်းရဲသည့် လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ ဥစ္စာဓန အခြေအနေမှာ အသင့် အတင့်ရှိပြီး လယ် နှင့် ဥယျာဉ်ခြံကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၉		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၅____ လုပ်အားခကြိုယူ = ____၄____
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ _____ လုပ်အားခကြိုယူ = _____ _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဖြစ်မှသာလျှင်အထိ ဝမ်းစာဖူလုံမှု			အခြားအစားပြောင်းလဲစား = _____ အစားလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကံကုန်းကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စု(၂၅)စု ၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၅)စု စုစုပေါင်း (၃၀)အိမ်ထောင်စုအနက် (၃၀)အောက် ဝမ်းစာဖူ လုံသည့် အိမ်ထောင်စု(၉)စုရှိပြီး ငွေချေးငှားခြင်း၊ လုပ်အားခကြိုယူခြင်းများဖြင့် ဖြေရှင်းဆောင်ရွက်ကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၉		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများ၊မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၉)စုရှိပါသည်။ အခြားဒေသတွင် ကြာမြင့် စွာ

သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမရှိပါကြောင်း နှင့် အလုပ်ကိုင် ရှားပါးချိန်တွင် နီးစပ်ရာဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ် တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလွန်ကဲခြင်း		✓		✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလွန်ကဲခြင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၆	မြေပြိုခြင်း		✓		✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ		လတ်	မြင့်			
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	၄က်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။။

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သဘာဝဘေးဖြစ်ပေါ်မှုနည်းပါး၍ စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုအနည်းငယ် မှ ဝမ်းစာဖူလုံမှု လုံလောက်မှု ရှိသော်လည်း ဆင်းရဲသည့်အိမ်ထောင်စု (၅)မှ ဝမ်းစာဖူလုံမှု လုံလောက်မှုမရှိပါကြောင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျော ညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓			✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု / ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓			✓

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခု ကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေး နှင့် လိုက်လျော ညီထွေ ဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍ စျေးရောင်းသူ များ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည် မည်သို့ သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာတွင် အိမ်ထောင်စုထိခိုက်ခံရနိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများတွင် ထိခိုက်မှုလွယ်နိုင်သည် ကို တွေ့ရပါသည်။ ကျန်အိမ်ထောင်စုများ ကျပန်းလုပ်ကိုင်ရှာဖွေစားသောက်နေသူများ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကြုံတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအားနည်းကြောင်း တွေ့ ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်

	အမည်	(မှန်ရာတစ်ခုကိုသာရွေးရန်)	**ကျား**	**မ**	**ပေါင်း**	(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	**မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	**ဂေါပက အဖွဲ့**	၁☐ ၂☐ ၃☑	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့် ☐ ညံ့ ☐
၂	**ဝတ်ရွတ် အဖွဲ့**	၁☐ ၂☑ ၃☐		၁၅	၁၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☑ ညံ့ ☐
၃	**ပရဟိတ**	၁☐ ၂☑ ၃☐	၉	၇	၁၆	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☑ ညံ့ ☐
၄	**လမ်း ကော်မတီ**	၁☐ ၂☑ ၃☐	၆	၃	၉	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☑ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၇		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အဖွဲ့အစည်း(၄)ဖွဲ့ရှိပြီးအချင်းချင်းချိတ်ဆက်မှု အားနည်းကြောင်းတွေ့ရပါသည်။ကျေးရွာအနေဖြင့် အစည်းအဝေးများကျင်းပသော်လည်းမှတ်တမ်းများ မထားဘဲ နုတ်ကတိဖြင့်သာ ဆောင်ရွက်တက်ခြင်းရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	**စတာပါနာ**	၁☐၂☐၃☐၄☐၅☐၆☐၇☑	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	**Pact Myanmar**	၁☐၂☐၃☐၄☐၅☐၆☐၇☑	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊လမ်းညွှန် ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်**

စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း ၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေး နှင့် အခြားအသက်မွေးကြောင်းလုပ်ကိုင်သူများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသော ပြင်ပအဖွဲ့အစည်း (၂)စု ရှိပါကြောင်း တွေ့ရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၈၀		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၂		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၉		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၀		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၀		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၆၁		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများအရေအတွက် ပေါများပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမရှိပါ။ မြေယာမဲ့အိမ်ထောင်စုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ပါရန်လိုအပ်ပါကြောင်း တွေ့ရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကို သာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကို သာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ရာသီအလိုက်☐ မဖြေဆိုပါ☑		အပြောင်းအလဲမရှိ☐
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐မဖြေဆိုပါ ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	၄၃၉	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑

ရင်းမြစ် ...(၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း** - **လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန ၊စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ချောင်းရေကိုသာ အဓိကထားအသုံးပြုပါသည်။ ချောင်းရေသည် နွေကာလတွင် ရေခမ်းသဖြင့် နွေစပါး နှင့် အခြားသီးနှံများစိုက်ပျိုးရန် ခက်ခဲပါသည်။နွေရာသီတွင် သောက်သုံးရေရှားပါကြောင်းတွေ့ရပါသည်။ချောင်းရေသည့် တစ်နှစ်ပတ်လုံး

အသုံးပြုရန် အဆင်မပြေသဖြင့် ဆည်မြောင်းများ ပြန်လည်တူးဖော်ထိန်းသိမ်းမည်ဆိုပါက သီးနှံများ စိုက်ပျိုးနိုင်ရန် လွယ်ကူနိုင်ပါကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၃၈၇	တင်း	၆၀	၈၀	၇၀	ဇူလိုင်	နို	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑	မြင့်□လတ်□နိမ့်☑
နွေစပါး	၃၈၇	တင်း	၇၀	၉၀	၈၀	ဒီဇင်ဘာ	ဖေဖြို	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
မတ်ပဲ								မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ကေ(၃၈၇)ကေရှိပြီး နွေစပါး၊ မိုးစပါး အလည့်ကျ စိုက်ပျိုးနေကြကြောင်း တွေ့ရှိရပါသည်။ နွေစပါး နှင့် မတ်ပဲသည့် ပိုးမွှားဖျက်ဆီးမှု နှင့် တောင်သူအနည်းစုတွင်ရေ နှင့် မြေဆီဩဇာအခက်အခဲရှိမှုတို့ကြောင့် အရှုံးနှင့်ရင်ဆိုင်နေရပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများ အကောင်းဆုံးလုပ်ဆောင်နိုင်ရန် နည်းပညာနှင့်အကူအညီလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂			
လက်တွန်းထွန်စက်	၃၀			၃၃
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်	၂			၆၄
ခြွေလှေ့စက်	၂			၈
ရေစုပ်စက်	၂၆			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၁			

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာတွင်လယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပြီး ကျန်အိမ်ထောင်စုမှာ ငှားရမ်းသုံးစွဲကြရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☐☑မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☐မဖြေဆိုပါ☑
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ☐ မဖြေဆိုပါ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရာသီဥတုနှင့်မြေဆီလွှာကောင်းမွန်ပါသည်။ စိုက်ပျိုးရေးချေးငွေများကြောင့် လယ်သမားများအတွက် အနည်းငယ်အဆင်ပြေနေကြကြောင်း တွေ့ရပါသည်။ လယ်ယာစိုက်ပျိုးရေး အတွက်လိုအပ်သော သွင်းအားစုများကို မအူပင်မြို့သို့ သွားရောက် ဝယ်ယူရပါသည်။စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများနှင့် ထုတ်ကုန်များ လွယ်ကူစွာရရှိနိုင်မည်ဆိုပါက ပိုမို အဆင်ပြေပါကြောင်း တွေ့ရှိရပါသည်။

သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သဘာဝမြေဆွေး/ အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး ၊ဓာတ်မြေဩဇာ နှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☑အနည်းငယ်☐မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☑
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐

ရင်းမြစ် (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေပြုပြင်များရှိသော်လည်း မြေဩဇာနှင့် မြေတွင်စနစ်တကျ စစ်ဆေးမှုအခြေအနေ အားနည်းကြောင်းတွေ့ရပါသည်။ သီးနှံစိုက်ပျိုးရေးအတွက် ရေရှိသော်လည်းချောင်းကော၊မြောင်းကောများပြန်လည်တူးဖော်ရန် အခက်အခဲရှိပါသည်။ ရာသီဥတုကြောင့် ဖျက်ပိုးများကျရောက်သဖြင့် သီးနှံအထွက်နှုန်းနည်းကြောင့် တွေ့ရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၄	၂၇
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၂	၉
သိုး		
ဝက်	၃	၉
ကြက်	၆၅	၂၈၃
ဘဲ	၄	၃၉
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကံကုန်းကျေးရွာတွင် စက်ကိရိယာများ အသုံးပြုခြင်းကြောင့် ကျွဲ၊နွား မွေးမြူခြင်း နည်းပါးပါသည်။ ကြက် နှင့် ဘဲသာ အများဆုံးမွေးမြူကြပါသည်။ ငါးဖမ်းလုပ်ကိုင်သူများသည် ချောင်း ၊ မြောင်းနှင့် အင်းအိုင်များတွင် အခကြေးပေး၍ လုပ်ကိုင်ကြရပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

